# SAIL SETTING SAVINGS GOALS

# SAIL ငွေစုပန်းတိုင်များ ထားရှိခြင်း

*SAIL ငွေစုအဖွဲ့များ*

**ဗဟုသုတ သဘောထား လုပ်ဆောင်ခြင်း** ဤသင်ခန်းစာကို သင်ယူတတ်မြောက်ပြီးနောက် တက်ရောက်ပါဝင်သူများသည်-
၁။ အဖွဲ့၏ ငွေကြေးဆိုင်ရာနှင့် လူမှုရေးရာ ပန်းတိုင်များကို အခိုင်အမာ ချမှတ်လာနိုင်လိမ့်မည်။
၂။ အဖွဲ့ရှိပုံငွေအပေါ် စုဆောင်းငွေ ပမာဏ၏ ပတ်သက်မှုများကို ရှင်းပြလာနိုင်လိမ့်မည်။
၃။ အဖွဲ့၏အစည်းအဝေးတိုင်းတွင် ငွေမည်မျှစုရမည်ကို ဆုံးဖြတ်လာနိုင်လိမ့်မည်။
၄။ အတွင်းစည်းမျဉ်း ပုံစံစာရွက်ထဲတွင် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်လာနိုင်လိမ့်မည်။

**မြို့ငုံအမြင်** ဤ ဆ၍မမြောက် သင်ခန်းစာကို Oxfam America နှင့် CARE International သင်တန်းသုံး သင်ထောက်ကူများပေါ်တွင် အခြေခံထားပါသည်။

**သင်ထောက်ကူ**
- ပိုစတာအရွယ်စာရွက်၊ မာကာပဲန်၊ ကော်တိတ်
- အစပျိုး- မတူညီသော ငွေစုအဖွဲ့ (၂) ဖွဲ့၏ ဇာတ်လမ်း
- လက်ကမ်းစာစောင်များ
  - *Mariame နှင့် Fatoumata တို့ ဇာတ်လမ်း* (မိတ္တူတစ်စုံသာလိုအပ်)
- အခြားသင်ထောက်ကူများ- တက်ရောက်ပါဝင်သူများကို သူတို့မှာရှိထားသည့် *အတွင်းစည်းမျဉ်းများ* ပုံစံစာရွက်ကို ယူလာရန်တောင်းဆိုပါ (*အဖွဲ့ဖွဲ့စည်းခြင်းနှင့် အတွင်းစည်းမျဉ်းများ* သင်ခန်းစာမှ ယူလာရမည်ဖြစ်သည်)

**သင်ခန်းစာ** **၁ နာရီ**

**အစပျိုးခြင်း** (၁၀ မိနစ်)
လမ်းညွှန်- သင်တန်းပေးသူ သို့မဟုတ် ဖတ်လိုသူ တစ်ဦးမှ ဖတ်ပါ
က။ *မတူညီသော ငွေစုအဖွဲ့ (၂) ဖွဲ့၏ ဇာတ်လမ်း*
ခ။ SHOWD မေးခွန်းများကို မေးပါ။
၁။ သင်ဘာတွေ့ခဲ့ရသလဲ။
၂။ ဘာတွေ ဖြစ်ပျက်နေခဲ့သလဲ။

---

**ငွေစု ပန်းတိုင်များ** (၁၀ မိနစ်)
လမ်းညွှန်- အုပ်စုကြီးအတွင်း ဆွေးနွေးပါ
က။ ငွေစုအဖွဲ့တစ်ခုတွင် အဖွဲ့အတွက် ငွေကြေးဆိုင်ရာ ပန်းတိုင်များထားရှိရန် ဘာကြောင့်အရေးကြီးတာလဲ။
၁။ မိမိ၏ အကြွေးကို လျှော့ချရန်

၂။ သုံးစရာ ဝင်ငွေပိုရှိစေရန်
၃။ ငွေထုတ်ချေးသူများကို မမှီခိုရရန်
၄။ အိပ်မက်များ ပြည့်စုံလာစေရန်

ခ။ ငွေစုအဖွဲ့တစ်ခုအတွက် လူမှုဆိုင်ရာ ပန်းတိုင် နမူနာအချို့က ဘာတွေလဲ။
၁။ လူ့အသိုင်းအဝိုင်းထဲတွင် ကျန်းမာရေး ပိုကောင်းမွန်လာစေရန်
၂။ လူ့အသိုင်းအဝိုင်းထဲတွင် အတတ်ပညာ တိုးတက်လာစေရန်
၃။ လူ့အသိုင်းအဝိုင်းထဲတွင် မိမိကိုယ်ကို တန်ဖိုးထားမှု မြှင့်မားလာစေရန်
၄။ လူ့အသိုင်းအဝိုင်းထဲတွင် ဆင်းရဲမှု လျော့ကျလာစေရန်
၅။ လူ့ အသိုင်းအဝိုင်းထဲတွင် မိသားစုများ ပိုမိုသန်စွမ်းလာစေရန်

---

**သင့်အဖွဲ့အတွက် ငွေကြေးဆိုင်ရာနှင့် လူမှုရေးရာ ပန်းတိုင်များ ဖန်တီးခြင်း** (၁၅ မိနစ်)
လမ်းညွှန်- ပန်းတိုင်များ ဖန်တီးရန် ငွေစုအဖွဲ့များကို သီးခြားစီခွဲလိုက်ပါ။ ပြန်လည်တင်ပြပြီး မျှဝေပါ။
က။ အဖွဲ့များက ဖန်တီးထားသည့် ငွေကြေးဆိုင်ရာ ပန်းတိုင်များ
၁။ တုံ့ပြန်ချက်
၂။ တုံ့ပြန်ချက်
ခ။ အဖွဲ့များက ဖန်တီးထားသည့် လူမှုရေးရာ ပန်းတိုင်များ
၁။ တုံ့ပြန်ချက်
၂။ တုံ့ပြန်ချက်

---

**မိမိ၏တစ်ကိုယ်ရေ ပန်းတိုင်များ တိုးတက်လာစေခြင်း** (၁၅ မိနစ်)
လမ်းညွှန်- အဖွဲ့ကြီး။ *Mariame နှင့် Fatoumata* တို့၏ ဇာတ်လမ်း မိတ္တူ စာရွက်ကို ဝေပေးပြီး ဖတ်လိုသူ တစ်ဦးအားဖတ်စေပါ သို့မဟုတ် သင်တန်းပေးသူကိုယ်တိုင် ဖတ်ပါ။
က။ ဤဇာတ်လမ်းထဲမှာ Mariame နှင့်ဘာတွေဖြစ်ပျက်နေသလဲ။
၁။ အနာဂတ်အတွက် အစီအစဉ်များမရှိခြင်း
၂။ အလုပ်ကြိုးစားသူ
၃။ သူမမိသားစု၏ လတ်တလော လိုအပ်ချက်များကို ထောက်ပံ့ပေးတယ်
၄။ သူမ၏ အနာဂတ် အိပ်မက်မျိုးကို မယုံကြည်ပါ။

ခ။ ဤဇာတ်လမ်းထဲတွင် Fatoumata နှင့် ဘာတွေဖြစ်ပျက်နေသလဲ။
၁။ အနာဂတ်အတွက် အစီအစဉ်များ ရှိခြင်း
၂။ အလုပ်ကြိုးစားသူ
၃။ ငွေစုအဖွဲ့နှင့်အတူ လတိုင်း ဒေါ်လာ (၃၀၀) စုတယ်
၄။ လက်တစ်ဆုပ်စာ ဆန်ကို နေ့တိုင်းစုတယ်။ ဒီဆန်ကို ရောင်းပြီး ရလာတဲ့ငွေကို ငွေစုအဖွဲ့ထဲမှာစုတယ်။
၅။ သူမရဲ့သမီးလေးကို ကျောင်းစာရိတ်များတဲ့ ကျောင်းမှာ ထားနိုင်ဖို့ စိတ်ကူးအိမ်မက်တွေရှိတယ်။

---

**SAIL SETTING SAVINGS GOALS**

---

ဂ။ ပန်းတိုင်များ ကိုယ်စီ ထားရှိခြင်း- ကျွန်ုပ်တို့ မိသားစုအကြောင်းနှင့် ကိုယ်စီ ပန်းတိုင်များအကြောင်းကို (၅) မိနစ်လောက် စဉ်းစားကြည့်ပါစို့ ။ မိမိ၏ပန်းတိုင်များကို အဖွဲ့နှင့်မျှဝေချင်သူများ ရှိမလားဟူ၍ မေးကြည့်ပါ။

၁။ ကိုယ်စီပန်းတိုင်

၂။ ကိုယ်စီပန်းတိုင်

---

**<u>အစည်းအဝေးတိုင်းတွင် အဖွဲ့ဝင်တစ်ဦးစီက ငွေမည်မျှစုမည်ကို သတ်မှတ်ခြင်း</u>** (၁ဂ မိနစ်)

လမ်းညွှန်- သီးခြားငွေစုအဖွဲ့များ ခွဲလိုက်ပါ။

က။ အဖွဲ့က တစ်ဦးချင်းစုရမည့် ငွေပမာဏကို သဘောတူရမည်။

ခ။ စုရမည့် ငွေပမာဏကို သတ်မှတ်ပြီးလျှင် အတွင်းစည်းမျဉ်း ပုံစံစာရွက်ထဲတွင် ရေးထည့်ထားပါ ( SAIL အဖွဲ့ဖွဲ့စည်းခြင်းနှင့် အတွင်းစည်းမျဉ်းများ သင်ခန်းစာမှ ပုံစံစာရွက်ဖြစ်သည်)

**<u>နိဂုံးနှင့် ကိုယ့်အတွက် သင်ခန်းစာ</u>** (အချိန်)

လမ်းညွှန်-

က။ ဤသင်ခန်းစာမှာ ကျွန်ုပ် ဘာကို ရှာဖွေတွေ့ ရှိခဲ့သလဲ။

ခ။ ဘယ်သူတွေကို မျှဝေပေးနိုင်မလဲ။

ဂ။ ဤသင်ခန်းစာမှာ ရှာတွေ့ခဲ့တဲ့အရာတွေကို ကျွန်ုပ်ဘယ်လို အသုံးချမလဲ။

၁။ ဘယ်အချိန်။

၂။ ဘာဖြစ်လာဖို့ ကျွန်ုပ်မျှော်လင့်ပါသလဲ။

၃။ ဖြစ်လာခဲ့ရင် ဘယ်လိုသိလာနိုင်မလဲ။

ဃ။ ဆုတောင်းပါ။

---

**References:**

## SAIL ငွေစုပန်းတိုင်များ ထားရှိခြင်း– အစပျိုးခြင်း

*မတူညီသော ငွေစုအဖွဲ့ (၂)ခု၏ ဇာတ်လမ်း*

**ငွေစုအဖွဲ့ (၁)** သည် သီးနှံစိုက်ပျိုးရာသီတွင် အစည်းအဝေးတိုင်း၌ အဖွဲ့ဝင်တစ်ဦးလျှင် ဒေါ်လာ (၃၀၀) စီစုကြမည်ဖြစ်ပြီး သီးနှံရိတ်သိမ်းရာသီတွင် ဒေါ်လာ (၅၀၀) စီစုကြရန် ဆုံးဖြတ်ထားကြသည်။ များမကြာမီမှာပင် သူတို့ အဖွဲ့သည် စုငွေများကို ချေးငွေအဖြစ် တစ်လှည့်စီအသုံးချလာနိုင်သည်။ စုငွေနှင့် ချေးငွေပြန်ဆပ်ပြီးသည့်နောက် အစည်းအဝေးတိုင်းတွင် ရှိရင်းစုငွေအားလုံးကို သူတို့ ပြန်ချေးပေးကြသည်။ သူတို့အဖွဲ့သည် အဖွဲ့ဝင်တိုင်း ပြန်ဆပ်နိုင်မည့် ငွေပမာဏကို သာချေးငှါးပေးရန်စသည့် အသေးစိတ်အချက်များကို အမြဲလိုလိုဆွေးနွေးကြသည်။ အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များ ဖြစ်ပေါ်စေမည့် ဝင်ငွေတိုးလာစေရန် ချေးငွေများကို အသုံးချကြသည်။ အဖွဲ့အတွက် ဝင်ငွေရှိစေရန် ချေးငွေများကို အတိုးနှုန်းသတ်မှတ်ထားသည်။ ဝင်ငွေများကိုလည်း ချေးငွေပိုရှိလာစေရန် အသုံးပြုသကဲ့သို့ အဖွဲ့ဝင်များ၏ အရေးပေါ်ကိစ္စများကို ကူညီပေးရန် အသုံးပြုသည်။

**ငွေစုအဖွဲ့ (၂)** သည် အစည်းအဝေးပုံမှန်မလုပ်ကြပေ။ အဖွဲ့ဝင်အချို့က စုငွေထည့်ပြီး အချို့မှာမထည့်ပေ။ အစည်းအဝေးတိုင်းတွင်လည်း စုငွေအချို့ကို အဖွဲ့ဝင် နှစ်ဦး၊ သုံးဦးကို သာ တစ်လှည့်စီချေးပေးသည်။ ကျန်စုငွေတွေကို ငွေကိုင်က သိမ်းထားသည်။ တခါတရံ ချေးငွေပြန်မဆပ်ကြပေ၊ သို့သော် အဖွဲ့ထဲမှ ဩဇာရှိသောအဖွဲ့ဝင်များက ငွေချေးလိုသည့်အခါ အဖွဲ့က စုငွေကို ဆက်ချေးပေးသည်။ ချေးငွေများကို အဖွဲ့ဝင်မဟုတ်သူများ၏ ကိုယ်ရေးကိုယ်တာကိစ္စများအတွက်လည်း မကြာခဏချေးပေးသည်။ အချိန်ကြာလာသည်နှင့်အမျှ

အဖွဲ့ဝင်များ၏ မျှော်လင့်ချက် ပျောက်ဆုံးလာတော့သည်။ အများစုက အစည်းအဝေးမတက်တော့ပေ။ နှစ်ဆုံးမှာ စုငွေအနည်းငယ်သာ ကျန်တော့သည်။

## SAIL ငွေစုပန်းတိုင်များထားရှိခြင်း–လက်ကမ်းစာစောင်

*Mariame နှင့် Fatoumata တို့၏ဇာတ်လမ်း*

**Mariame** မှာ ဘာအစီအစဉ်မျှ မရှိပေ။ သူမ မနက်စောစောထပြီး လယ်ထဲမှာ တစ်နေကုန်အလုပ်လုပ်သည်။ ညနေမှာ သူမ၏ မိသားစုကို ကျွေးမွေးပြီးနောက် အိပ်ယာဝင်သည်။ သူမ၏ ကလေးများကို တစ်ရက် ထမင်းနှစ်နပ်မှန်အောင် ခက်ခက်ခဲခဲ ရှာကျွေးနေရသောကြောင့် အနာဂတ်အတွက် စိတ်ကူးအိမ်မက်ထားရှိခြင်းမျိုးမှာ ရူးကြောင်နေခြင်းဟု၍ သူမတွေးသည်။ စိတ်ပျက်ခြင်းမျိုး မကြုံမိစေရန် အနာဂတ်စိတ်ကူးအိမ်မက်မထားရှိခြင်းက ပိုကောင်းသည်ဟု သူမတွေးသည်။

**Fatoumata** သည်လည်း မနက်စောစောထပြီး လယ်ထဲတွင် တစ်နေကုန် အလုပ်လုပ်သည်။ မိသားစုကိုလည်း ဂရုစိုက်ရသည်။ သို့သော် သူမသည် ငွေစုအဖွဲ့နှင့် လတိုင်း ငွေ (၃၀၀) စုသည်။ အပတ်တိုင်း ဆန်ကိုလက်တစ်ဆုပ်စာ စုသိမ်းထားပြီး လကုန်လျှင်ရောင်းသည်။ ဤမှရသည့်ငွေကို ငွေစုအဖွဲ့ထဲတွင် လစဉ်ထည့်ဝင်စုဆောင်းထားသည်။ Fatoumata ၌ရှိသည့် အိပ်မက်တစ်ခုမှာ တစ်နေ့တွင် သူမ၏ သမီးငယ်ကို ငွေကုန်ကြေးကျများသည့် ကျောင်းတစ်ခုမှာ တက်နိုင်စေရန်ဖြစ်သည်။ သမီးငယ်၏ ကျောင်းစာရိတ်ကုန်ကျငွေအတွက် ငွေများစွာပေးရမည်ကို သူသိထားသည်။ သို့သော် စိတ်ကိုနှစ်ပြီးလုပ်ဆောင်လျှင် သူ့အိပ်မက်ပြည့်စုံလာမည်ဟု သူမအသေအချာယုံကြည်သည်။